ST VINCENT'S HOSPITAL MELBOURNE

# ပုံမှန် GP ရှိထားခြင်း၏ အကျိုးကျေးဇူးများ

## အထွေထွေရောဂါကု ဆရာဝန် (GP) ဆိုသည်မှာ မည်သူနည်း။

အထွေထွေရောဂါကု ဆရာဝန် (GP) (မိသားစုဆရာဝန် သို့မဟုတ် ဒေသခံ ဆရာဝန်ဟုလည်း ခေါ်သည်) သည် ရောဂါအမျိုးမျိုးနှင့် အရွယ်ပေါင်းစုံအတွက် ကျန်းမာရေးအခြေအနေများ စစ်ဆေးကုသပေးရန် လေ့ကျင့်သင်ကြားထားသည့်ဆရာဝန် ဖြစ်ပါသည်။

GP များသည် သင် နေမကောင်းချိန်၊ သင့်ကျန်းမာရေးအတွက် စိုးရိမ်ပူပန်သည့်အချိန်တွင် သင် ပထမဆုံး ပြသရသည့်ဆရာဝန်များ ဖြစ်ပါသည်။ သင့်စိုးရိမ်မှုများအတွက်အဖြေရှာရန် GP က မေးခွန်းများ မေးမြန်းနိုင်သည်၊ စမ်းသပ်နိုင်သည်၊ အထူးစစ်ဆေးမှုများ (ဥပမာ - သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း) အတွက်လွှဲစာ ရေးပေးနိုင်သည်။

ဤသို့ပြုလုပ်ခြင်းများသည် သင့် GP အနေဖြင့် သင်၏ ကျန်းမာရေး စိုးရိမ်မှုများအတွက် ကုသမှုအစီအစဉ် ပြုလုပ်ရာတွင် ကူညီပေးပါသည်။ ထိုအစီအစဉ်တွင် ပါဝင်နိုင်သည်များမှာ-

- သင့်တော်သော အကြံပေးခြင်း သို့မဟုတ် ဆွေးနွေးရှင်းပြခြင်း
- ဆေးစာရေးပေးခြင်း
- အခြားအထူးကုဆရာဝန်များ၊ ဆေးရုံ သို့မဟုတ် အခြား ကျန်းမာရေး စောင့်ရှောက်မှုကျွမ်းကျင် ပညာရှင်များ (ဥပမာ- စိတ်ပညာရှင်၊ လေ့ကျင့်ခန်းပညာရှင်၊ အာဟာရဗေဒပညာရှင်၊ ဆီးချိုပညာရှင်)



## ပုံမှန် GP နှင့် GP ဆေးခန်းရှိခြင်း၏ အကျိုးကျေးဇူးများ

- သင့် GP သည် သင့်ကျန်းမာရေးလိုအပ်ချက်များအပြင် သင့်ကျန်းမာရေးအပေါ် ထိခိုက်စေနိုင်မည့် အခြားအကြောင်းရင်းများကို နားလည်အောင် ပြုလုပ်ပါမည်
- သင့် GP အပေါ် ယုံကြည်မှုရှိထားခြင်းသည် သင့်အတွက် ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ရန်နှင့် ကူညီမှု ရမည်ဟုခံစားနိုင်ရန် အထောက်အကူပြုပါမည်
- သင့် GP သည် သင့် ရောဂါလက္ခဏာများစစ်ဆေးသည့်အခါ နှင့် သင့်ကျန်းမာရေးကုသမှု စီစဉ်သည့်အခါ သင့်ကျန်းမာရေးရာဇဝင်ကို စစ်ဆေးနိုင်ပါသည်။
- သင့် GP သည် လိုအပ်သည့် စစ်ဆေးကုသမှုများစွာပါဝင်သော သင့်အတွက်စောင့်ရှောက်မှုကို  စီစဉ်ပေးနိုင်သည်
- သင့် GP သည် မှန်မှန်ဆေးစစ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် အစားအသောက်၊ လေ့ကျင့်ခန်းနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ခြင်းအကြောင်းအကြံပေးခြင်းတို့အားဖြင့် သင် ကျန်းမာနေစေရန် ကူညီပေးနိုင်သည်။

### GP တစ်ဦးကို မည်သို့ရှာရမည်နည်း။

National Health Services Directory – Health Direct https://www.healthdirect.gov.au/australian-health-services မှတစ်ဆင့် သင့်ပတ်ဝန်းကျင်ရှိ GP သို့မဟုတ် အထွေထွေရောဂါကု ဆေးခန်း ကို သင် ရှာနိုင်ပါသည်။

မိတ်ဆွေများ၊ မိသားစုနှင့် အခြား ကျန်းမာရေးပညာရှင်များအား အကြံဉာဏ်တောင်းခံခြင်းသည်လည်း အကူအညီ ရနိုင်ပါသည်။



## အောက်ပါအကြောင်းများသည် သင့်အတွက် သင့်တော်သော GPနှင့် ဆေးခန်းရှာရာတွင် အကျိုးရှိပါသည်-

- ဆေးခန်းဖွင့်ချိန်များ - ရုံးချိန်နောက်ပိုင်းနှင့် စနေ တနင်္ဂနွေနေ့များတွင် ရက်ချိန်းရနိုင်ပါသလား။
- သင့် အမြဲတွေ့ရကျ GP မရှိသည့်အခါ သို့မဟုတ် အချိန်မတော်ဖြစ်သည့်အခါ ကုသမှုကို ရရှိနိုင်ပါသလား။ ဆေးခန်းရှိ အခြားGP များက အစားထိုးကြည့်ပေးပါသလား။ ရုံးချိန်နောက်ပိုင်းအတွက် စီစဉ်ဆောင်ရွက်မှု ရှိပါသလား။
- ပုံမှန် ပြသဆွေးနွေးမှု (ရက်ချိန်း) အချိန်မှာ မည်မျှကြာပါသလဲ။ လိုအပ်ပါက အချိန်ကြာကြာရသော ရက်ချိန်း ပေးနိုင်ပါသလား။ မိမိGP က အိမ်သို့ လာကြည့်ပေးပါသလား။ အရေးပေါ် ရက်ချိန်းများ ရရှိနိုင်ပါသလား။
- ဆေးခန်း၏ ငွေတောင်းခံသည့် မူဝါဒ။ ဆရာဝန်ပြသခြင်း ကုန်ကျစရိတ် မည်မျှဖြစ်ပါသလဲ။ ဆရာဝန်ပြသခြင်း ကုန်ကျစရိတ်အပြည့်ကို မက်ဒီကဲပေးငွေဖြင့် ပေးနိုင်ပါသလား (စရိတ်အကုန်အကျုံးဝင်) သို့မဟုတ် အိတ်စိုက်ပေးငွေ၊ ကွာဟပေးငွေ ရှိပါသလား။
- အထူးအလေးပြု/အထူးကျွမ်းကျင်မှု အပိုင်းများ။ အချို့GP များသည် အမျိုးသမီး/အမျိုးသား ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ နာတာရှည်ရောဂါကုသရေးကဲ့သို့သော ဆေးဘက်ဆိုင်ရာအပိုင်းများ၌ ပိုမို လေ့ကျင့်ထားကြပါသည်။
- ပြောဆိုသည့်ဘာသာစကား
- ဆေးခန်းသို့ သွားရန် သင့်အတွက် လွယ်ကူပါသလား သို့မဟုတ် ရထားကားနှင့် နီးပါသလား။

## နောက်အဆင့်

သင့်လိုအပ်ချက်များနှင့် ကိုက်ညီသည်ဟု ထင်မြင်ယူဆသော GP/ ဆေးခန်း ရှာတွေ့သည့်အခါ ရက်ချိန်းယူပါ။ သင်၏ ပထမဆုံး ရက်ချိန်းသည် အရေးပေါ်ကုသရန်မဟုတ်ပါက များသောအားဖြင့် အထောက်အကူပြုပါသည်။ ဤသို့ဖြင့် သင့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုအကြောင်း ပြောဆိုနိုင်သည့်အပြင် သင့် GP နှင့် ဆေးခန်းသို့ နောင် လာရောက်ပြသရန် စိတ်အေးချမ်းသာ ရှိစေပါသည်။

ဆေးရုံ သို့မဟုတ် အခြားကျန်းမာရေးဌာနမှ အိမ်သို့ ပြန်ခွင့်ပေးလိုက်သည့်နောက်ပိုင်း ရက်ချိန်းသို့ လာရာတွင် ဆေးရုံ၊ အခြားကျန်းမာရေးဌာနမှ စာနှင့် အခြား သက်ဆိုင်ရာအကြောင်းများ ယူဆောင်လာပါ။

သင့် အမြဲတွေ့နေသည့် GP ၏ ဆက်သွယ်ရန်များကို သင်နှင့်တပါတည်း ယူဆောင်ထားပြီး မည်သည့်ဆေးရုံမဆို သွားသည့်အခါ ထိုဆက်သွယ်ရန်များကို ပေးပါ။

St Vincent's Hospital Melbourne
PO Box 2900 Fitzroy, VIC 3065 Australia
(03) 9231 2211 www.svhm.org.au

ST VINCENT'S HOSPITAL MELBOURNE